# Burmese Democratic Futures Working Group – BDFWG

# University of Virginia

# Weekly Summary (August 22 - 31, 2024)

## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အခြားသိမှတ်ဖွယ် သတင်းများ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၃၆၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဩဂုတ် ၂၀ ရက်တွင် စစ်ကောင်စီတပ်သား အင်အား ၇၀ ဦးပါဝင်သော စစ်ကြောင်းသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ ပြန်ချီတက်ရွာကို ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်နေအိမ် ၂၁ လုံး၊ ကုန်တင်ကား ၁ စီး၊ နွား ၄ ကောင်နှင့် ဝက် ၉ ကောင် မီးရှို့ဖျက်ဆီး သတ်ဖြတ်ခဲ့သည်။

- ပဲခူးတိုင်းအနောက်ခြမ်း၊ လက်ပံတန်းမြို့နယ်က အုတ်ဖိုစုရွာနဲ့ ရေငံရွာကို ဩဂုတ်လ ၂၇ ရက်မှာ စစ်ကာင်စီတပ်သားတွေ ဝင်ရောက်မီးရှို့ခဲ့တာကြောင့် နေအိမ်နှစ်ရာခန့် မီးလောင်ပျက်စီးခဲ့ပါသည်။

- ဩဂုတ် ၂၂ ရက်က ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် စစ်ကောင်စီတပ်၏ ပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် လူနေအိမ် ခြောက်လုံးခန့် မီးလောင်ပျက်စီးခဲ့ရသည်။

- စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့ပေါ်ရှိနေအိမ်များကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၉ ရက်မှ ဩဂုတ် ၂၂ ရက်အထိ လေးရက်ဆက်တိုက် မီးရှို့ဖျက်ဆီးခဲ့သည်။

- ဩဂုတ် ၂၄ ရက်က စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့မှ ထွက်လာသော အင်အား ၉၀ ခန့်ပါ စစ်ကောင်စီစစ်ကြောင်းသည် ဒီပဲယင်းမြို့နယ် ကံပြားရွာ၊ ပျော်ဘွယ်ရွာနှင့် ရေဦးမြို့နယ် မစိုးရိမ်ရွာတို့ကို မီးတင်ရှို့ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် မြောက်ဘက် ဦးကင်းကြည် (တောင်) ရွာကို ဩဂုတ် ၂၅ ရက်မှာ စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီးနောက် ဒေသခံသုံးဦးကို သတ်ဖြတ်ပြီး နေအိမ် ၁၃၀ ခန့် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

- ဩဂုတ် ၂၉ ရက်က တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ ချောင်းဝကျေးရွာအနီးရှိ မီးလုပ်ကိုင်နေသူ ပြည်သူ ၅ ဦးကို စစ်တပ်က ဖမ်းဆီးပြီး ရာဘာဂိုဒေါင်တစ်လုံးအပါအဝင် လူနေအိမ် ၆ လုံး၊ မီးသွေးဖို အဆောင်များကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

## ဖမ်းဆီးခံရမှုများ

- ရောဝတီတိုင်း၊ မအူပင်မြို့၊ မင်္ဂလာဈေးထဲရှိ ဆီဆိုင်က စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်ဦးနဲ့ အလုပ်သမား ၅ ယောက်ကို စစ်ကောင်စီတပ်က ဩဂုတ် ၂၁ ရက်မှာ အင်အားအများအပြားနဲ့ ဝင်ရောက် ဖမ်းဆီးသွားခဲ့ပါသည်။

- ဩဂုတ် ၂၃ ရက်တွင် ရောဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ပေါက်တိုင်းရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦးကို လူမှုကွန်ရက်တွင် "PDF များကို ကြိုဆိုနေသည်"ဟု မှတ်ချက်ပေးမှုဖြင့် စစ်ကောင်စီတပ်နှင့်ရဲများမှ ဖမ်းဆီးသွားခဲ့သည်။

- ရောဝတီတိုင်း၊ မြန်အောင်မြို့မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေနဲ့ ဆက်သွယ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဒေသခံ ခြောက်ဦးကို စစ်ကောင်စီတပ်က ဩဂုတ် ၂၅ ရက်မှာ ဖမ်းဆီးခဲ့ပါသည်။

- ဩဂုတ် ၂၂ ရက်နေ့တွင် ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ မြို့သစ်ရပ်ကွက် ၃ လမ်းတွင် နေထိုင်သော အသက် ၁၃ နှစ်အရွယ် ၇ တန်း ကျောင်းသား မောင်ဝင်းကိုကို အပါအဝင် ကျောင်းသား ၃ ဦးကို တပ်သားသစ်အဖြစ် စစ်တပ်က ပေါ်တာဆွဲ ဖမ်းဆီးသွားခဲ့သည်။

- ဩဂုတ် ၂၂ ရက်က ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ရွာတောကွင်းကျေးရွာသို့ စစ်ကောင်စီတပ်များ ဝင်ရောက်လာပြီး ကျောင်းသူ နှစ်ဦးကို ပေါ်တာဆွဲဖမ်းဆီးခေါ်ဆောင်သွားသည်။

- ဩဂုတ် ၂၃ ရက်တွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးမင်းဆွေကို စစ်ကောင်စီတပ်များက အကြမ်းဖက် ဖမ်းဆီးသွားခဲ့သည်။

- မန္တလေးတိုင်း၊ တံတားဦးနဲ့ ပြည်ကြီးတံခွန်မြို့ပေါ် ရပ်ကွက်တွေမှာ ဩဂုတ် ၂၇ ရက်နဲ့ ၂၈ ရက် နှစ်ရက်အတွင်း လူငယ် နှစ်ဆယ်ဦးခန့်ကို စစ်မှုထမ်းဖို့ အကြောင်းပြချက်နဲ့ စစ်ကောင်စီတပ်က ဖမ်းဆီးသွားခဲ့ပါသည်။

- ဩဂုတ် ၂၈ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်တွင် ပျူစခန်းတခု ဒရုန်းကြဲခံရပြီးနောက် ကျောက်တိုင်ရွာကို ပျူစောထီး၊ ရဲ၊ စစ်ကောင်စီတပ် ပူးပေါင်းအဖွဲ့ ရောက်လာပြီး ရွာခံ ရှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

- ဩဂုတ် ၃၀ ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဗောဓိကုန်းရပ်ကွက်၊ ကံလှရပ်ကွက်၊ အောင်ချမ်းအေးရပ်ကွက်နှင့် ရပ်ကွက်အချို့တွင် ပြည်သူ ၅ ဦးကို နေရာအတိအကျဖြင့် စစ်သားများနှင့် အုပ်ချုပ်ရေးမှူးက ဖောကား ၂ စီးဖြင့် ပေါ်တာဆွဲ ဖမ်းဆီးသွားခဲ့သည်။

- ဩဂုတ် ၂၉ ရက်က တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ ချောင်းဝကျေးရွာအနီးရှိ မီးလုပ်ကိုင် နေသူ ပြည်သူ ၅ ဦးကို စစ်တပ်က ဖမ်းဆီးပြီး ရာဘာဂိုဒေါင်တစ်လုံးအပါအဝင် လူနေအိမ် ၆ လုံး၊ မီးသွေးဖို အဆောင် များကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

- ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁ ရပ်ကွက်တွင်လည်း စစ်မှုထမ်းရန် လူလိုသည်ဟုဆိုကာ အုပ်ချုပ်ရေးမှူး စိန်ဝင်းမြင့်နှင့်အဖွဲ့က ဘုရင့်နောင်ပွဲရုံအတွင်းရှိ ဂိမ်းဆိုင်များနှင့် အနှိပ်ခန်းများကို စီမံချက်ဖြင့် ဝင်ရောက် ဖမ်းဆီးကာ အမျိုးသား ၂၀ ဦးထက်မနည်းကို စစ်တပ်ထဲသို့ ဖမ်းဆီးပို့ဆောင်ခဲ့သည်။

- ဩဂုတ် ၂၇ ရက်က ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဆင်မင်းဈေးအရှေ့မှာ လူငယ်သုံးဦးကို စစ်ကောင်စီတပ်သားတွေ ဖမ်းဆီးသွားခဲ့ပါသည်။

## မုဒိန်းကျင့်ခံရမှု

- ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ရေငံရွာမှ လင်မယား ၂ ဦး စစ်တပ်က ဖမ်းဆီးပြီး အမျိုးသမီးဖြစ်သူကို စစ်သားများက မုဒိမ်းကျင့်ခဲ့သည်။

## အသတ်ခံရမှုများ

- ဩဂုတ် ၂၃ ရက်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ မအူတန်းရွာမှ ငှက်ပျော်တုံးရွာကို ဆန်အိတ်သွားပို့သည့် ဆိုင်ကယ်ကယ်ရီသမား ၃ ဦးကို စစ်တပ်က PDF ထောက်ပို့ဟု စွတ်စွဲပြီး ကျင်းတူးခိုင်း၍ ပစ်သတ် မြေမြှုပ်ခဲ့သည်။

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာမှာ ဩဂုတ် ၂၁ ရက်က သတင်းသမားတစ်ဦးရဲ့ နေအိမ်ကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်း ပစ်ခတ်ခဲ့တာကြောင့် သတင်းသမားနှစ်ဦး အပါအဝင် လေးဦး သေဆုံးခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်မှာ (CDM) ပါဝင်တဲ့ ဆရာမတစ်ဦးနဲ့ အမျိုးသားတစ်ဦးတို့ကို ဩဂုတ် ၂၂ ရက်မှာ စစ်ကောင်စီတပ်က ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် မြောက်ဘက် ဦးကင်းကြည် (တောင်) ရွာကို ဩဂုတ် ၂၅ ရက်မှာ စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီးနောက် ဒေသခံသုံးဦးကို သတ်ဖြတ်ပြီး နေအိမ် ၁၃၀ ခန့် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

- ဩဂုတ် ၃၁ ရက်တွင် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ကျေးရွာတစ်ခုကို စစ်ကောင်စီက လေကြောင်းဖြင့် ပေါင် ၅၀၀ ဗုံးအပါအဝင် ဗုံးများဖြင့် ၂ ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူနေအိမ်အချို့ပျက်စီးမှု ရှိခဲ့သည်။

- မကွေးတိုင်း၊ ပခုက္ကူမြို့နယ်မှာရှိတဲ့ စပယ်-သာကြီးတောင် ရေနံမြေကို PDF တပ်ဖွဲ့တွေက ဩဂုတ် ၂၀ ရက်တွင် သိမ်းပိုက်ခဲ့ရာ စစ်သား ၆ ဦးသေဆုံးခဲ့ပြီး စစ်ကောင်စီဘက်က လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါသည်။

- မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်မြောက်ပိုင်း၊ ဝဲမကျေးရွာနဲ့ ညောင်ငွေးဝကျေးရွာတို့ကို ဩဂုတ် ၂၄ ရက်မှာ အာဏာသိမ်းစစ်တပ်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် ညောင်ငွေးဝကျေးရွာက အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။

- ဩဂုတ် ၂၈ ရက်တွင် မကွေးတိုင်း၊ မင်းတုန်းမြို့နယ် ပကဖ စစ်သင်တန်းဆင်းပွဲကို စစ်တပ်က လေကြောင်းဖြင့် ၃ ကြိမ် ဆက်တိုက် ဗုံးကျဲ တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၆ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ကျွဲတလင်းပျူစောထီးရွာရှိ ဘုန်းကြီးကျောင်းကို စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြည်သူတစ်ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီးရွာကို စစ်တပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၂ ဦးသေဆုံးသည်။

- ဩဂုတ် ၂၇ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီရွာရှိ ဘုန်းကြီးကျောင်းအား စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းမှ ဗုံးနှစ်ကြိမ်ချ တိုက်ခိုက်ခဲ့ရာ (၅)နှစ်နှင့် (၁၀) နှစ်အရွယ် ကလေးနှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၃၁ ရက်က မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ထနောင်းပင်ကျေးရွာကို စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးသီး တစ်လုံးချတိုက်ခိုက်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၉ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနော-ဝင်-ကော့ဝမ်းကျေးရွာသွားလမ်းဆုံကို စစ်ကောင်စီတပ် ဒရုန်းနဲ့ဗုံးချ တိုက်ခိုက်မှုကြောင့် ဒေသခံတစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

- ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ မြတောင်ရွာ၌ KIA ၊ ABSDF ၊ KPDF နှင့် စစ်တပ်တို့ တိုက်ပွဲ ပြင်းထန်နေပြီး စစ်တပ်က လေကြောင်းဖြင့် ဗုံးကျဲ တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးကို Y-12 စစ်ထောက်ပို့ယာဉ် ခြောက်စီးနဲ့ လေကြောင်း တိုက်ခိုက်မှု ခြောက်ကြိမ်ပြုလုပ်ခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းကျေးရွာကို စစ်ကောင်စီက ဩဂုတ် ၂၂ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲခဲ့သောကြောင့် ပြည်သူ ၂ ဦး ထိခိုက်ဒါဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့၌ တပ်စွဲနေသည့် စစ်ကောင်စီတပ်များကို KIA၊ ABSDF နှင့် KPDF တပ်များက စတင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီက လေကြောင်းဖြင့် ခုခံလျက်ရှိသည်။

- ဩဂုတ် ၂၅ ရက်တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ မုံလှကျေးရွာကို စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဂျက်ဖိုက်တာဖြင့် ပေါင် ၃၀၀ ဗုံးသီးနှစ်လုံး ကြဲချတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၅ ရက်က စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ရှိမ်းမကားနယ်မြေရဲစခန်းအနီးတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်မြောက်ပိုင်း၊ စော်ဘွားရေရှင်ကျေးရွာ၌ ယာယီဖွင့်လှစ်ထားသည့် ဆေးခန်းကို စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်သဖြင့် ပြည်သူ့ကာကွယ်ရေးရဲဘော်တဦးကျဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်။

- ဩဂုတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ စည်ပုတ္တရာနှင့် သေနပ်စိန်ကျေးရွာများအားစစ်ကောင်စီက လေကြောင်း တိုက်ခိုက်ခဲ့ရာ ပြည်သူ ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ မီးချောင်းထိုးကျေးရွာကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ဩဂုတ် ၂၂ ရက်တွင် ဗုံးကျဲ တိုက်ခိုက်ခဲ့ရာ မွေးကင်းစကလေး မိခင် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၄ ရက်တွင် စစ်ကောင်စီတပ်က တိုက်လေယာဉ်များဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီခရိုင် လျှင်ဟော်ဒေသ သံလွင်ကျေးရွာရှိ လူနေအိမ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ပေါ်ကို စစ်ကောင်စီတပ်က ဩဂုတ် ၂၇ ရက်တွင် Y12 လေယာဉ်ဖြင့် ဗုံးအလုံးရေ ၅၀ ထက်မနည်း ကြဲချခဲ့ရာ ဒေသခံပြည်သူ နှစ်ဦး ထပ်မံသေဆုံးခဲ့သည်။

- ဩဂုတ် ၂၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ တိလင်ရပ်ကွက် အထက - ၂ ကျောင်းဝင်းအတွင်းသို့ စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၂၇ ရက်တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့ကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က လေကြောင်းဖြင့် ဗုံးကျဲ တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁ ဦးသေဆုံးပြီး စာသင်ကျောင်း နှင့် နေအိမ် ၅ လုံး ပျက်စီးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက် (၉) နှင့် ရပ်ကွက် (၁၀) ကို ဩဂုတ် ၃၀ ရက်တွင် စစ်ကောင်စီက လေကြောင်းမှ ဗုံးနှစ်လုံး ကြဲတိုက်ခိုက်သွားသည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- ဩဂုတ် ၁၇ ရက်တွင် ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင် မုန်း(မူး)မြို့နယ်အတွင်း စစ်ကောင်စီ လက်နက်ကြီး ပစ်ခတ်၍ သံဃာတစ်ပါး ပျံလွန်တော်မူပြီး ကိုရင်နှင့်ကျောင်းသား၊ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်က ဆားပြင်ကြီးရွာကို ဩဂုတ် ၂၈ ရက်မှာ စစ်ကောင်စီတပ်ရဲ့ စစ်ရေယာဉ်ပေါ်ကနေ လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားသုံးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ပေကုန်းရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်တာကြောင့် လယ်ယာလုပ်ငန်းခွင်ဝင်နေတဲ့ အမျိုးသားတစ်ဦး သေဆုံးခဲ့ပါသည်။

- ဩဂုတ် ၂၆ ရက်က စစ်ကိုင်းတိုင်း၊ ကျောက်မြောင်းမြို့အခြေစိုက် အမှတ်(၁၂)ခြေမြန်တပ်ရင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်ရာ မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ပင်လည်ကြီးရွာသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် ၎င်း၏ မိခင်တို့ သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ပေါ်ကို စစ်ကောင်စီက ဩဂုတ် ၂၄ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ရာ ဒေသခံ ပြည်သူတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ပေါ်ကို စစ်ကောင်စီက ဩဂုတ် ၂၅ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ရာ အရပ်သားတစ်ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၂၂ ရက်က တနင်္သာရီတိုင်းတွင် စစ်ကောင်စီတပ်နဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ချိန် ထားဝယ်မြို့ပေါ်ကနေ စစ်ကောင်စီတပ်က ပစ်လိုက်တဲ့လက်နက်ကြီးက လောင်းလုံးမြို့နယ်၊ ထိန်တွင်းရွာကို ကျရောက်ပေါက်ကွဲလို့ အသက် ၈၀ ကျော်အရွယ် အဘွားတစ်ဦး သေဆုံးခဲ့ပါသည်။

## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဩဂုတ် ၁၈ ရက်က ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အစပ် သုံးပြင်ဆုံနေရာသို့ တက်လာသော စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၂၀ ရက်တွင် ပဲခူးတိုင်း၊ တောင်ငူလေတပ်စခန်းကို တော်လှန်ရေးအင်အားစုများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လေတပ် စစ်အရာရှိ ၂ ဦးသေဆုံးပြီး ၆ ဦးအပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ လိပ်ပေါ်ကျေးရွာတွင် တပ်စွဲထားသော စစ်ကောင်စီတပ်သားများကို တော်လှန် ရေးပူးပေါင်းတပ်ဖွဲ့မှ ဒရုန်းဖြင့် ဗုံးကျဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၂၂ ရက်က ပဲခူးတိုင်း၊ ပြည်နယ်မြို့နယ်၊ ဝိုင်းချောင်းကျေးရွာအနီးတွင် တိုက်ပွဲဖြစ်နေပြီး ပြည်မြို့ ဒကစမှ အရာရှိ ၄ ဦး အပါအဝင် စစ်သား အများအပြား ထိခိုက်သေဆုံးခဲ့သည်။

- ဩဂုတ်လ ၂၂ ရက်က ပဲခူးတိုင်း၊ ပြည်မြို့နယ်အစပ် ဝိုင်းချောင်းရွာအနီးတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ ပဲခူးအနောက် ဒကစမှူးအပါအဝင် ၆ ဦးနှင့် တပ်သား ၄၅ ဦးခန့် သေဆုံးခဲ့သည်။

- ဩဂုတ်၂၄ ရက်တွင် လက်ပံတန်းမြို့နယ်၊ ပဲခူးရိုးမအတွင်းသို့ အင်အား ၁၀၀ ကျော်ဖြင့် တက်လာသော စစ်တပ်စစ်ကြောင်းကို ရေငံကျေးရွာအနီးအရောက် သာယာဝတီခရိုင် တပ်ရင်း ၃၈၀၂ တပ်ခွဲ ၂/၃/၅/၆ နှင့် တပ်ရင်း ၃၈၀၃ တို့ ပူးပေါင်းပြီး ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၂၀ ကျော်သေဆုံးပြီး စစ်သုံ့ပန်း ၁၀ ဦးကို အရှင်ဖမ်းမိခဲ့သည်။

- ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်အပိုင် ပဲခူးရိုးမပေါ် တက်လာသည့် စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်ရာ စစ်တပ်ဘက်မှ စကစ ၆၆ လက်အောက်ခံ တပ်ရင်းမှူး ၁ ဦး အပါအဝင် ၂၀ ကျော် သေဆုံးခဲ့သည်။

- ဩဂုတ် ၃၀ ရက်က ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ဆားချောင်ကျေးရွာအနီးတွင် တော်လှန်ရေးပူးပေါင်း တပ်များနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီဘက်မှ အရာရှိတစ်ဦးအပါအဝင် ခုနစ်ဦး သေဆုံးခဲ့သည်။

- KIA သိမ်းပိုက်ထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ထဲက မိုးမောက်မြို့ ခမရ ၄၃၇ ဘက်ကို စစ်ကောင်စီက စစ်ကြောင်းထိုးလာသဖြင့် ဩဂုတ် ၂၃ ရက်က တိုက်ပွဲပြန်ဖြစ်နေပါသည်။

- ဩဂုတ် ၂၉ ရက်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနန်းကွင်းဗျူဟာထံ စစ်ကူလာတဲ့ စစ်ကောင်စီ စစ်ကြောင်းကို လှန်ရေးအင်အားစုပူးပေါင်းတပ်ဖွဲ့တွေက ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ကိုးဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၉ ရက်က မကွေးတိုင်း၊ ငဖဲမြို့နယ်၊ မင်းဘူး- အမ်းကားလမ်းမပေါ်တွင် စစ်ကောင်စီတပ်နှင့် ချင်းတော်လှန်ရေး ပူးပေါင်းတပ်တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားရာ စစ်ကောင်စီက ၂ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကိုင်းတောမရွာသစ်ရွာမှ ထွက်လာသည့် စစ်တပ် စစ်ကြောင်းကို တော်လှန်ရေး အင်အားစုများက ကြားဖြတ်တိုက်ခိုက်ရာ စစ်သား ၁၂ ဦးသေဆုံးပြီး ၅ ဦး လက်နက်ချ အညံ့ခံကာ လက်နက် ၁၈ လက် နှင့် ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၂၉ ရက်တွင် မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ပဒါန်းအခြေစိုက် အမြောက်စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (မစခ ၉၀၅) မှ ထွက်လာသည့် အင်အား ၆၀ ဝန်းကျင်ပါ ဖောကားနှစ်စီးကို ပဒါန်း-အမ်းလမ်းပိုင်း၊ စပ်စီရွာအထက် မီတာနှစ်ထောင် အကွာ၌ တော်လှန်ရေးတပ်ဖွဲ့များမှ ကားမိုင်း ငါးလုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး အပြန်အလှည်ပစ်ခတ်ခဲ့ရာ ဗိုလ်ကြီး တစ်ဦးအပါအဝင် ၁၇ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၃၀ ရက်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့ပေါ် စစ်တပ်လက်အောက်ခံ မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင် လုံခြုံရေး အစောင့်စစ်တပ်ကို တော်လှန်ရေးတပ်များမှ ပစ်ခတ်တိုက်ခိုက်ရာ စစ်သား ၁ ဦး သေဆုံးပြီး လက်နက် ၁ လက်နှင့် ခဲယမ်းများ သိမ်းဆည်း ရရှိခဲ့သည်။

- ဩဂုတ် ၁၆ ရက်က မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်တွင် စစ်သားများနှင့် စစ်တပ်စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ၃ ကြိမ် တိုက်ခိုက်ခဲ့ရာ စစ်တပ်မှ ၃ ပွင့်အရာရှိတစ်ဦး အပါအဝင် ၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

- ဩဂုတ် ၂၉ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ရန်ကုန် - မန္တလေး အမြန်လမ်းရှိ လုံခြုံရေးစခန်းတိုက်ခိုက်သိမ်းပိုက်ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၅ ဦးသေဆုံးပြီး အမှတ်(၉၉)ခြေမြန်တပ်မ ဌာနချုပ်မှ ဗိုလ်ကြီးဝေဖြိုးသူအပါအဝင် စစ်သုံ့ပန်း ၂ ဦးဖမ်းဆီးရမိခဲ့သည်။

- ဩဂုတ် ၂၂ ရက်က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင် လမ်းဝအနီး ကားလမ်းပေါ်တွင် ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်နေသော စစ်ကောင်စီတပ်သားများကို တော်လှန်ရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီး၊ ဒရုန်းတို့ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ၂ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၂၆ ရက်က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွင်း စခန်းကြီးကျေးရွာနဲ့ ဝဲတော်သင်္ချိုင်း အကြားမှာ ဖြစ်ပွားခဲ့တဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတို့ နှစ်ဖက်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်။

- မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပိုင်း၊ အနန်းကွင်း ကျေးရွာအနီးတစ်ဝိုက်တွင် ပြီးခဲ့သည့် ဩဂုတ် ၂၈ ရက်က စစ်ကူရန်တက်လာသည့် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီအလောင်း ကိုးလောင်း ရရှိခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့ကို ဩဂုတ် ၂၅ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဒုဗိုလ်မှူးကြီး စိုးမင်းသူကို အရှင်ဖမ်းဆီးမိခဲ့ကာ လက်နက်မျိုးစုံ ၆၈ လက်သိမ်းဆည်းရမိခဲ့သည်။ တိုက်ပွဲ ဖြစ်ပွားနေစဉ် စစ်ကောင်စီတပ်ဘက်က ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးသီးအလုံး ၇၀ ကျော် နှင့် Y-12 ဖြင့် ဗုံးသီး ၁၅၀ ကျော် ကြဲချတိုက်ခိုက်ခဲ့ပြီး Mi-35 နှစ်စင်းဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

- တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များသည် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်ရှိ စစ်ကောင်စီ၏ တန်းမြင့်လေ့ကျင့်ရေးကျောင်း (တတက)-၁၃၊ စစ်အခြေခံလေ့ကျင့်ရေးတပ် (စခတ-၂) ၊ သိပ္ပံနှင့်နည်းပညာသုတေသနတပ် (သနတ-၁) အစရှိသည့် ထုတ်နုတ်အဖွဲ့ အခြေပြုနေသော လေးမိုင်ရွာနှင့် တာဝါတိုင်ကုန်းစခန်းအား ဩဂုတ် ၂၉ ရက်က စတင် တိုက်ခိုက်ကာ ဩဂုတ် ၃၀ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- ဩဂုတ် ၂၃ ရက်က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အောင်သာယာရွာ ဘုန်းကြီးကျောင်းအနီး ကင်းပုန်းယူထားသော စစ်ကောင်စီ၏ အမတ ၃၁၇ မှ တပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ပြောက်ကျားနည်းစနစ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၁ ဦးသေဆုံးပြီး ၅ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့ပေါ် ရဲစခန်းနှင့် ထွေအုပ်ရုံးကို တော်လှန်ရေးတပ်ဖွဲ့များ ဝင်ရောက် တိုက်ခိုက်ရာ စစ်ကောင်စီ တပ်သား ၇ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့ ဩဂုတ် ၂၀ မှ ၂၄ ရက်အတွင်း ဖြစ်ပွားသော တိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ ၁၅ ဦး သေဆုံးပြီး ငါးဦးကို အရှင်ဖမ်းမိကာ PDF တပ်ဖွဲ့ဝင် သုံးဦးကျဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲစခန်းက စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်တို့ ဩဂုတ် ၂၂ ရက်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နှင့် ဧရာဝတီမြစ်သာခြားသော မြတောင်ရွာမှ စစ်ကောင်စီ တပ်စခန်းများအားလုံးကို KIA၊ PDF ပူးပေါင်းတပ်ဖွဲ့များက ဩဂုတ် ၂၂ ရက်တွင် သိမ်းပိုက်လိုက်ပြီး အလံဖြူထောင်လက်နက်ချသူများနှင့် စစ်သုံ့ပန်းများပါ ဖမ်းမိခဲ့သည်။

- ဩဂုတ် ၂၃ ရက်က စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာရှိ စစ်ကောင်စီ၏ နယ်မြေရဲစခန်းကို တော်လှန်ရေး မဟာမိတ်တပ်ဖွဲ့များက စစ်ကြောင်း ၃ ကြောင်းခွဲပြီး လက်နက်ကြီး၊ လက်နက်ငယ် ၊ Multi Wings ၊ Shar Htoo WAW နည်းပညာ တိုက်ခိုက်ရေး Fixed Wings Drone များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သား ၇ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၄ ရက်တွင် စစ်ကိုင်းတိုင်း၊ အင်းတော်မြို့ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ပူးပေါင်း တပ်များက သိမ်းပိုက်လိုက်ပြီး အချုပ်သားအချို့ ကယ်ထုတ်နိုင်ခဲ့သည်။

- ဩဂုတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ အုန်းတောရွာ၌ အထိုင်ချထားသော စစ်ကောင်စီတပ်စခန်းကို ကာကွယ်ရေးတပ်ဖွဲ့များက လက်နက်ကြီးဖြင့် ပစ်ပြီး ဒရုန်းနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သား ၁၀ ဦးသေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ချပ်ကြီးကျေးရွာအနီး၌ ဩဂုတ် ၂၇ ရက်က ဒေသကာကွယ်ရေးတပ်များနှင့် စစ်တပ်တို့ ဖြစ်ပွားခဲ့သောတိုက်ပွဲတွင် စစ်ကောင်စီဘက်မှ သုံးဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရကာ လက်နက်ခဲယမ်းအချို့ သိမ်းဆည်းရရှိခဲ့သည်။

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ စစ်ကောင်စီ၏ မောင်ရွှေလေး ရေတပ်ကို အာရက္ခတပ်တော် (AA) က ဩဂုတ် ၂၃ ရက်မှ ဩဂုတ် ၂၅ ရက်ထိ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

- ဩဂုတ် ၂၈ ရက်က ရခိုင်ပြည်နယ်၊ မောင်တောမြို့တွင် စစ်ကောင်စီနှင့်အာရက္ခတပ်တော် (AA)တို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိပြီး စစ်ကောင်စီက ဓာတုအဆိပ်ငွေ့ပါသည့် ဗုံးများအသုံးပြုတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၉ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နဲ့ ၄ မိုင်ဝန်းကျင်လောက် အကွာအဝေးရှိတဲ့ ဝါဘိုရွာနဲ့ အမြင့်ကျွန်းရွာ တွေမှာ အာရက္ခတပ်တော် AA နဲ့ စစ်ကောင်စီတပ်တွေအကြား တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်တွင် တအာင်းတပ်မတော်(TNLA)နှင့် စစ်ကောင်စီတပ် ဩဂုတ် ၂၂ ရက်က တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နှင့် မိုင်(၂၀)ခန့်ကွာဝေးသော တောင်းခမ်းကျေးရွာရှိ စစ်ကောင်စီ၏ အမြောက်တပ်ရင်း လေးရင်းကို TNLA ပူးပေါင်းတပ်များက ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ မစခ-၉၀၂၊ အမတ(၂၀၆)နှင့် အမတ(၄၀၆)တို့ကို ဩဂုတ် ၂၈ ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်မှာ ဩဂုတ်လ ၂၄ ရက်တွင် စစ်ကောင်စီတပ်ရဲ့ တပ်စခန်းသုံးခုကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေက တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ပါသည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ၆ မိုင်ရွာအနီးတွင် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်ဖွဲ့တို့ ဩဂုတ် ၂၆ ရက်မှ ဩဂုတ် ၂၉ ရက်ထိ ၄ ရက်ကြာ ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း စစ်တပ်ဘက်က ဗိုလ်ကြီး ၁ ဦး အပါအဝင် ၇ ဦး သေဆုံးပြီး လက်နက် ၁ လက်နှင့် ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၂၈ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်တွင် လမ်းကင်း လုံခြုံရေးယူနေသည့် စစ်ကောင်စီ တပ်သားများကို ဗထူးတပ်မတော် (BHA) က ပစ်ခတ်တိုက်ခိုက်ရာ ၂ ဦး သေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၂၈ ရက်တွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ ကျောက်ဆိပ်ကုန်းရွာကို စစ်ကြောင်းထိုးလာသော စစ်ကောင်စီ တပ်သားများကို တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၁၆ ဦးသေဆုံးပြီး ၁ ဦးအရှင်မိကာ သေနတ် ၁ လက် သိမ်းဆည်း ရရှိခဲ့သည်။

- ဩဂုတ် ၂၉ ရက်က တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာတွင် စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေကြား နှစ်ဖက်ထိတွေ့တိုက်ပွဲ ပြင်းထန်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦးထက်မနည်း သေဆုံးခဲ့သည်။

- ဩဂုတ် ၃၁ ရက်က တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ရမ်းဖိုရွာအနီးတွင် စစ်တပ်ခြေလျင်စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးခဲ့သည်။

**ဇူလိုင်လ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**